# တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း
# ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- | --- |
| ၁ | နိဒါန်း | .... | .... | ၁၇၉ |


## အပိုင်း ၁


| | | | | |
| --- | --- | --- | --- | --- |
| ၂ | အခန်း (၁)<br>အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက် | .... | ... | ၁၈၀ |
| ၃ | အခန်း (၂)<br>တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | .... | .... | ၁၈၂ |


## အပိုင်း ၂


| | | | | |
| --- | --- | --- | --- | --- |
| ၄ | အခန်း (၁)<br>ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း | .... | .... | ၁၈၃ |
| ၅ | အခန်း (၂)<br>ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | .... | .... | ၁၈၆ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အပိုင်း ၃** | |
| ၆ | အခန်း (၁) .... — | ၁၇၉ |
| | မြို့နယ် ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၇ | အခန်း (၂) .... — | ၁၉၂ |
| | မြို့နယ် ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| | **အပိုင်း ၄** | |
| ၈ | အခန်း (၁) — - | ၁၉၅ |
| | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၉ | အခန်း (၂) .... .... | ၁၉၈ |
| | ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း ၅** | |
| ၁၀ | အခန်း (၁) .... .... | ၂၀၁ |
| | လွှတ်တော် ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း | |
| ၁၁ | အခန်း (၂) .... | ၂၀၃ |
| | လွှတ်တော်က ရွေးချယ် တင် မြှောက် ပြီး တာဝန် ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း | |
| | **အပိုင်း ၆** | |
| ၁၂ | အခန်း (၁) .... ... | ၂၀၉ |
| | ပြည်သူ့ ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည် နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ၏ ဆန္ဒရယူခြင်း | |
| ၁၃ | အခန်း (၂) .... .... | ၂၁၁ |
| | အထွေထွေ | |

# တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃]

## နိဒါန်း

ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော ပြည်သူ့ကိုယ်စားလှယ်တဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတခုကိုဖြစ်စေ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူများ၊ သို့မဟုတ် အဖွဲ့အစည်းက အခြေခံဥပဒေပုဒ်မ ၁၈၇ အရ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အပိုင်း ၁

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) ပြည်သူ့ကောင်စီ ဆိုသည်မှာ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဆိုသည်၊

(ဂ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်ကို ဆိုသည်၊

(ဃ) အဖွဲ့အစည်း ဆိုသည်မှာ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကို ဆိုသည်၊

(င) **အဖွဲ့ဝင်** ဆိုသည်မှာ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ကို ဆိုသည်၊

(စ) **မဲဆန္ဒရှင်များ** ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲစာရင်းတွင်ပါဝင်သော ပြည်သူများကို ဆိုသည်၊

(ဆ) **သက်ဆိုင်ရာမဲဆန္ဒနယ်** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်၏ မဲဆန္ဒနယ်ကို ဆိုသည်၊

(ဇ) **အဆိုပြုလွှာ** ဆိုသည်မှာ တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် တင်သွင်းသော အဆိုပြုလွှာကို ဆိုသည်၊

(ဈ) **အဆိုပြုလွှာတင်သွင်းသူ** ဆိုသည်မှာ တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အဆိုပြုလွှာ တင်သွင်းသူကို ဆိုသည်၊

(ည) **အဆိုပြုခြင်းခံရသူ** ဆိုသည်မှာ အဆိုပြုလွှာတင်သွင်းခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်ကို ဆိုသည်၊

(ဋ) **အဆိုပြုခြင်းခံရသော အဖွဲ့အစည်း** ဆိုသည်မှာ အဆိုပြုလွှာတင်သွင်းခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)

## တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၃။ ပြည်သူ့ကိုယ်စားလှယ်တဦးဦးသည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် မဲဆန္ဒရှင်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၄။ အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦးသည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

## အပိုင်း ၂

## အခန်း (၁)

### ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည် သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီသဘာပတိအဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ အမျိုးသား မှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

၆။ မြို့နယ်ပြည်သူ့ကောင်စီသဘာပတိအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်း ခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထား မှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ တင်ပြရမည်။

၈။ သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ မြို့နယ်ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးသို့ တင်ပြရမည်။

၉။ (က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် မဟုတ်ကြောင်းကိုသော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်းကောင်း မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်း ခံရသူတို့အား အသိပေး ပြန်ကြားရမည်။

၁၀။ အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း မြို့နယ် ပြည်သူ့ကောင်စီ

အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့သို့ အကြောင်းကြားရမည်။

၁၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သည် အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား မြို့နယ်ပြည်သူ့ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည့်အပြင် အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲကျင်းပရန် နိုင်ငံတော်ကောင်စီသို့တင်ပြရမည်။

၁၂။ နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာကော်မီရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

# အခန်း (၂)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၁၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အဖွဲ့အစည်းတခုခု သို့မဟုတ် အဖွဲ့ဝင်တဦးဦးကို တာဝန်မှ ပြန်လည် ရုပ်သိမ်း လိုလျှင် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးဦးသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့ တင်သွင်းရာတွင် မိမိအမည်၊ နေ့ရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၁၄။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည်

အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် ပါဝင်သည့်အစီရင်ခံစာကို မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၁၆။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်။

၁၇။ အဆိုပြုလွှာတင်သွင်းသူသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းပြုမည် မပြုမည်

ကို ဆက်လက် ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့လည်း ပေးပို့ရမည်။

၁၈။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန် ဖြစ်လျှင် ယင်း အစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို တင်ပြဆောင်ရွက်ရမည်။ ယင်းအစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြုလွှာ တင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါအကြောင်းရပ်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့် ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည် ရုပ်သိမ်းရန် အဆိုကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

## အပိုင်း ၃

## အခန်း (၁)

## မြို့နယ်ပြည်သူ့ကောင်စီဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၁၉။ မြို့နယ် ပြည်သူ့ကောင်စီဝင်တဦးဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ဖော်ပြ၍ မဲဆန္ဒရှင် တဦးဦးသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အဆိုပြုလွှာ တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ အမျိုးသားမှတ်ပုံတင် အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို သက်ဆိုင်ရာပြည်နယ်၊သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

၂၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီသဘာပတိအဖွဲ့သည် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံ ဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြား ရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် ပါဝင် သည့် အစီရင်ခံစာကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ တင်ပြရမည်။

၂၂။ သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးသို့ တင်ပြရမည်။

၂၃။ (က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်း ချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်း ကောင်း ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်း အဝေးက စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ် ပြည် သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့က အဆိုပြုလွှာ တင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား အသိပေးပြန် ကြားရမည်။

၂၄။ အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ်မှန်၍ အဆိုပြုချက် သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်း

ချက်တရပ်ရပ်နှင့်အကျုံးဝင်ကြောင်း ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးက စိစစ်တွေ့ရှိလျှင် အကျုံးပင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၂၅။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သည် အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည့်အပြင် အဆိုပြုလွှာနှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးပွဲကျင်းပရန် နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၂၆။ နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

## အခန်း (၂)

## မြို့နယ် ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၂၇။ မြို့နယ်ပြည်သူ့ကောင်စီ အဖွဲ့အစည်း တခုခု၊ သို့မဟုတ် အဖွဲ့ဝင် တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီဝင် တဦးဦးသည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အဆိုပြုလွှာတင်သွင်းရမည်။ ယင်းသို့ တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

၂၈။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၉။ စုံစမ်းစစ်ဆေးရေး အဖွဲ့သည်—

(က) အဆိုပြုလွှာ တင်သွင်းသူသည် မြို့နယ် ပြည်သူ့ကောင်စီဝင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ

၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိမရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသည့် အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထား မှတ်ချက် ပါဝင်သည့်အစီရင်ခံစာကို ပြည်နယ်နှင့်တိုင်း အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြရမည်။

၃၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာ တင်သွင်းသူသည် မြို့နယ်ပြည်သူ့ကောင်စီဝင် မဟုတ်ကြောင်းကိုသော်လည်းကောင်း၊အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ) နှင့်(ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်။

၃၁။ အဆိုပြုလွှာတင်သွင်းသူသည် မြို့နယ်ပြည်သူ့ကောင်စီဝင် ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကိုဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့လည်း ပေးပို့ရမည်။

၃၂။ (က) မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန် ဖြစ်လျှင် ယင်းအစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍လည်းကောင်း တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို တင်ပြဆောင်ရွက်ရမည်။ ယင်း အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အဆိုကို မြို့နယ် ပြည်သူ့ကောင်စီက သဘောတူကြောင်းဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌ အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

# အပိုင်း ၄

## အခန်း (၁)

### ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၃၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်တဦးဦးကိုတာဝန်မှပြန်လည် ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေ ပုဒ်မ ၁၈၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) ပါပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အဆိုပြုလွှာ တင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊နေရပ်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကို နိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်။

၃၄။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၃၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာ တင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိစုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန်အကြောင်းကြား ရမည်၊

(ဂ) စုံစမ်းစစ်ဆေး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် ပါဝင်သည့် အစီရင်ခံစာကို နိုင်ငံတော် ကောင်စီသို့တင်ပြ ရမည်။

၃၆။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် မဟုတ် ကြောင်း ကိုသော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေ ပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံး မဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်း ဆုံးဖြတ်ချက်ကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ အကြောင်း ကြားရမည်။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ သဘာ ပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရ သူတို့အား အသိပေးပြန်ကြားရမည်။

၃၇။ အဆိုပြုလွှာ တင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ်မှန်၍ အဆိုပြုချက် သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း နိုင်ငံတော်ကောင်စီကစိစစ် တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို နိုင်ငံတော်ကောင်စီက ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့သို့အကြောင်းကြားရမည်။

၃၈။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသဘာပတိအဖွဲ့ကအဆိုပြုလွှာ တင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား နိုင်ငံတော်ကောင်စီ ဆုံးဖြတ်ချက်ကို အသိပေးပြန်ကြားရမည်။

၃၉။ နိုင်ငံတော်ကောင်စီသည်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်အား ဆန္ဒမဲပေးပွဲကျင်းပရန် အကြောင်းကြားရမည်။

# အခန်း (၂)

## ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၄၀။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင်တဦးဦးသည် နိုင်ငံတော်ကောင်စီသို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာမဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကိုမိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၄၁။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာ တင်သွင်းသူသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် ဟုတ် မဟုတ် နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ

ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်ပါဝင်သည့် အစီရင်ခံစာကိုနိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၄၃။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကို ရရှိသောအခါ—

(က) အဆိုပြုလွှာ တင်သွင်းသူသည် ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီဝင် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက် တရပ်ရပ်နှင့် အကျုံး မဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ ပယ်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေး ပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သို့ အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်နယ်၊ သို့မ

ဟုတ် တိုင်းပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်။

၄၄။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင် လည်းကောင်း၊ အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် လိုအပ်ပါက အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍လည်းကောင်း တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို တင်ပြ ဆောင်ရွက်ရမည်။ ယင်း အစည်းအဝေးတွင် ပြည်သူ့ကောင်စီဥပဒေ၊နည်းဥပဒေများနှင့်အညီ အဆိုပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှပြန်လည်ရုပ်သိမ်းရန်အဆိုကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌ အစားထိုးရွေးချယ်တင်မြှောက်ရမည်။

## အပိုင်း ၅

## အခန်း (၁)

### လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၄၅။ လွှတ်တော်ကိုယ်စားလှယ်တဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်းဖော်ပြ၍ မဲဆန္ဒရှင်တဦးဦးသည်လွှတ်တော်သဘာပတိအဖွဲ့သို့ အဆိုပြုလွှာတင်သွင်းနိုင်သည်။ ယင်းသို့တင်သွင်းရာတွင် မိမိအမည်၊ နေရပ်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့်တကွ အဆိုပြုလွှာကိုမိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။ လွှတ်တော်သဘာပတိအဖွဲ့သည် ယင်းအဆိုပြုလွှာကိုနိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်။

၄၆။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ(က)၊

(ခ)နှင့်(ဂ)ပါပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်ပါဝင်သည့်အစီရင်ခံစာကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၄၇။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်မဟုတ်ကြောင်းကိုသော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ(က)၊(ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။ လွှတ်တော် သဘာပတိအဖွဲ့ကအဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အား အသိပေးပြန်ကြားရမည်။

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် မဲဆန္ဒရှင်ဟုတ်မှန်၍အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်းစိစစ်တွေ့ရှိလျှင် လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၄၈။ လွှတ်တော်သဘာပတိအဖွဲ့က အဆိုပြုလွှာတင်သွင်းသူနှင့် အဆိုပြုခြင်းခံရသူတို့အားအသိပေးပြန်ကြားရမည်။ အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ဆန္ဒခံပွဲ ကျင်းပရန် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မရှင်သို့ နိုင်ငံတော်ကောင်စီက အကြောင်းကြားရမည်။

# အခန်း (၂)

## လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး တာဝန် ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၅၀။ (က) လွှတ်တော်က ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းတခုခု၊ သို့မဟုတ် အဖွဲ့ဝင် တဦးဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ဖော်ပြ၍ လွှတ်တော်ကိုယ်စားလှယ်တဦးဦးက – မိမိအမည်၊ နေရပ်၊ သက်ဆိုင်ရာ မဲဆန္ဒနယ်နှင့်တကွ အဆိုပြုလွှာကို မိမိကိုယ်တိုင်လက်မှတ်ရေးထိုးပြီး တင်သွင်းနိုင်သည်၊

(ခ) အဆိုပြုခြင်းခံရသူအဖွဲ့ဝင်သည် အခြေခံဥပဒေ ပုဒ်မ ဖြင့် ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော် ကောင်စီဝင်ဖြစ်လျှင်သော်လည်းကောင်း၊ အခြေခံဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ (ခ) အရ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်သဘာပတိအဖွဲ့ဝင်ဖြစ်လျှင် သော်လည်းကောင်း ယင်းအားရွေးချယ် တင်မြှောက်လိုက်

သည့် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်က အဆိုပြုလွှာတင်သွင်းရမည်။

၅၁။ (က) နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော်ကောင်စီဝင်မှ အပ လွှတ်တော်မှ ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်ကို အဆိုပြုလွှာ တင်သွင်းလိုလျှင် နိုင်ငံတော် ကောင်စီသို့ တင်သွင်းရမည်၊

(ခ) နိုင်ငံတော်ကောင်စီကို ဖြစ်စေ၊ နိုင်ငံတော်ကောင်စီဝင်ကို ဖြစ်စေ အဆိုပြုလွှာတင်သွင်းလိုလျှင် လွှတ်တော် သဘာပတိအဖွဲ့သို့ တင်သွင်းရမည်။

၅၂။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် လွှတ်တော် သဘာပတိအဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် —

(က) အဆိုပြုလွှာတင်သွင်းသူသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ဟုတ် မဟုတ်နှင့် အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၈၇ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့်အကျုံးဝင်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ခ) အဆိုပြုခြင်းခံရသောအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား ခုခံချေပနိုင်ရန် အကြောင်းကြားရမည်၊

(ဂ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို မိမိအား ဖွဲ့စည်းပေးသည့် နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် လွှတ်တော် သဘာပတိအဖွဲ့သို့တင်ပြရမည်။

၅၄။ နိုင်ငံတော်ကောင်စီသည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် ပုဒ်မ ၅၀ ပုဒ်မခွဲ (က) ပါ လွှတ်တော်ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ပုဒ်မခွဲ(ခ)ပါ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှလွှတ်တော်ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကိုသော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကို ပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား အသိပေးပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် ပုဒ်မ ၅၀ ပုဒ်မခွဲ (က)ပါ လွှတ်တော်ကိုယ်စားလှယ်၊ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံ ဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်းစိစစ် တွေ့ရှိလျှင် အကျုံးဝင်ကြောင်း ဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်း ခံရသော အဖွဲ့အစည်း၊ သို့မဟုတ်အဖွဲ့ဝင်အား အကြောင်းကြားရမည်။ အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရန် လွှတ်တော် သဘာပတိအဖွဲ့သို့ အကြောင်းကြားရမည်။

၅၅။ လွှတ်တော်သဘာပတိအဖွဲ့သည် အစီရင်ခံစာကိုရရှိသောအခါ—

(က) အဆိုပြုလွှာတင်သွင်းသူသည် အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ ပြည်နယ်၊သို့မဟုတ် တိုင်းမှ

လွှတ်တော်ကိုယ်စားလှယ် မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အခြေခံ ဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ)အရ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော် ကိုယ်စားလှယ်မဟုတ်ကြောင်းကို သော်လည်းကောင်း၊ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးမဝင်ကြောင်းကို သော်လည်းကောင်း စိစစ်တွေ့ရှိလျှင် အဆိုပြုလွှာကိုပယ်ရမည်၊

(ခ) ယင်းသို့ပယ်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာ တင်သွင်းသူ၊ အဆိုပြုခြင်းခံရသော နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော် ကောင်စီဝင်အား အသိပေးပြန်ကြားရမည်၊

(ဂ) အဆိုပြုလွှာတင်သွင်းသူသည် အခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)အရ သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှလွှတ်တော်ကိုယ်စားလှယ်၊သို့မဟုတ် အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) အရ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်ဟုတ်မှန်၍ အဆိုပြုချက်သည် အခြေခံဥပဒေပုဒ်မ ၁၇၇ ပုဒ်မခွဲ (က)၊(ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် အကျုံးဝင်ကြောင်း စိစစ်တွေ့ရှိလျှင် အကျုံးဝင်ကြောင်းဆုံးဖြတ်ရမည်၊

(ဃ) ယင်းသို့အကျုံးဝင်ကြောင်းဆုံးဖြတ်ချက်ကို အဆိုပြုလွှာတင်သွင်းသူ၊ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် နိုင်ငံတော်ကောင်စီဝင်အား အကြောင်းကြားရမည်။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆက်လက်ဆောင်ရွက်ရမည်။

၃၆။ (က) လွှတ်တော် အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင်လည်းကောင်း၊ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင်လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူ

ကျင်းပ၍လည်းကောင်း တာဝန်မှရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ပြည်သူ့လွှတ်တော် ဥပဒေ၊ နည်းဥပဒေ များနှင့် အညီ အဆိုပြုလွှာ တင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသော အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်သည် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်အဆိုကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပါက ယင်းအဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်နေရာတွင် အဖွဲ့အစည်းသစ်၊ သို့မဟုတ် အဖွဲ့ဝင်သစ်ကို ယင်းအစည်းအဝေး၌ အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

၅၇။ (က) အဆိုပြုခြင်းခံရသော အဖွဲ့ဝင်သည် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ)ပါအဖွဲ့ဝင်ဖြစ်လျှင်လွှတ်တော်အစည်းအဝေး ကျင်းပချိန်တွင် သဘာပတိအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ်တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်များအား ဖိတ်ကြား၍သီးခြား အစည်းအဝေးပြုလုပ်ရမည်။ အစည်းအဝေးတွင်အဆိုပြုလွှာတင်သွင်းသူက အဆိုတရပ်အဖြစ် တင်သွင်းရမည်၊

(ခ) အဆိုပြုခြင်းခံရသောအဖွဲ့ဝင်သည် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်များအား အဆိုပြုလွှာပါအကြောင်းရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းနိုင်ခွင့်ရှိသည်၊

(ဂ) သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုရန်သဘောမတူကြောင်းဆုံးဖြတ်ပါက ယင်းသို့ ဆုံး

ဖြုတ်ကြောင်းကို လွှတ်တော်သို့တင်ပြရမည်။ သဘောတူကြောင်းဆုံးဖြတ်ပါက ယင်းသီးခြား အစည်းအဝေး၌ သက်ဆိုင်ရာအဖွဲ့ဝင်နေရာတွင် အဖွဲ့ဝင်သစ်ကို အစားထိုး ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းခံရသော အဖွဲ့ဝင်သည် အခြေခံဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင် ဖြစ်ပါက လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်သဘာပတိ အဖွဲ့ဝင်ဖြစ်ပါက လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

# အပိုင်း ၆

## အခန်း (၁)

### ပြည်သူ့ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ၏ ဆန္ဒရယူခြင်း

၅၈။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲ ကျင်းပ၍ဆုံးဖြတ်ရာ၌ ပြည်သူ့ဆန္ဒအစစ်အမှန် ဖြစ်စေရန်နှင့် မှန်မှန် ကန်ကန်ဖြစ်စေရန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ပေးရေးအတွက် အဆိုပြုခြင်းခံရသူသည် ရပ်ကွက်နှင့်ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင်၊ သို့မဟုတ် မြို့နယ်ပြည်သူ့ကောင်စီဝင်ဖြစ်လျှင် သက်ဆိုင်ရာမြို့နယ် ပါတီယူနစ်သို့လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းပြည်သူ့ ကောင်စီဝင်ဖြစ်လျှင် သက်ဆိုင်ရာဒေသပါတီကော်မီတီသို့ လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်ဖြစ်လျှင် ပါတီ ဗဟိုကော်မီတီ ဌာနချုပ်သို့ လည်းကောင်း သက်ဆိုင်ရာ သဘာပတိအဖွဲ့၊ သို့မဟုတ် နိုင်ငံတော် ကောင်စီက အကြောင်းကြားရမည်။

၅၉။ ပြည်သူ့ကိုယ်စားလှယ် တဦးဦးကို တာဝန်မှပြန်လည် ရုပ်သိမ်း ခြင်းပြုမည် မပြုမည်နှင့်စပ်လျဉ်း၍ လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်

မဲဆန္ဒရှင်များ၏ ဆန္ဒသဘောထား အစစ်အမှန်ရယူရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) အဆိုပြုခြင်းခံရသူသည် မဲဆန္ဒရှင်များအား အဆိုပြုလွှာပါ အကြောင်းရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းနိုင်ရန် အကြောင်းကြားရမည်၊

(ခ) အဆိုပြုခြင်းခံရသူအား တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲကျင်းပ၍ ဆုံးဖြတ်ရမည်၊

(ဂ) မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော်က လာရောက် ဆန္ဒမဲပေးသည့်အပြင် ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒပြုသည့်အတိုင်း အတည်ဖြစ်စေရမည်။

# အခန်း (၂)

## အထွေထွေ

၆၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အဆိုပြုခြင်းခံရသူအား ရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်မှ ပြည်သူ့ကိုယ်စားလှယ်များ မပါဝင်စေရ။

၆၁။ ဤဥပဒေအရ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်ကို ဆန္ဒမဲပေးပွဲကျင်းပ၍ ဆုံးဖြတ်ရန် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်က တာဝန်ယူ ဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်တဦးအား မဲဆန္ဒရှင်များက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုမည် မပြုမည်နှင့် စပ်လျဉ်း၍ကျင်းပသောဆန္ဒမဲပေးပွဲသည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ကျင်းပသည့် ဆန္ဒမဲပေးပွဲ ဖြစ်သည်ဟု မှတ်ယူရမည်။

၆၃။ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်နေရာအတွက် အစားထိုးရွေးချယ်တင်မြှောက်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်က ကျင်းပပေးရမည်။

၆၄။ အဖွဲ့ဝင်ဖြစ်သော ပြည်သူ့ကိုယ်စားလှယ်တဦးသည် အဖွဲ့ဝင်အဖြစ်မှ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရစေကာမူ ပြည်သူ့ကိုယ်စားလှယ် အဖြစ်ဆက်လက်တည်ရှိသည်။

၆၅။ အဖွဲ့ဝင်ဖြစ်သော ပြည်သူ့ကိုယ်စားလှယ် တဦးသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရလျှင် အဖွဲ့ဝင်အဖြစ်မှလည်းရပ်စဲသည်။

၆၆။ ပြည်သူ့ကိုယ်စားလှယ် တဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတခုခုကိုဖြစ်စေ၊ အဖွဲ့ဝင်တဦးဦးကိုဖြစ်စေ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း သက်ဆိုင်ရာက ဆန္ဒမဲပေး၍ ဆုံးဖြတ်ပြီးလျှင် ယင်းအားတာဝန်မှ ပြန်လည်ရုပ်သိမ်းရန် တင်သွင်းခဲ့ပြီးသော အဆိုပြုလွှာပါ အကြောင်းဖြစ်ရပ်ဖြင့်ပင် တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် ထပ်မံ၍အဆိုပြုလွှာတင်သွင်းခြင်းမပြုရ။

၆၇။ ပြည်သူ့ကိုယ်စားလှယ်၊ သို့မဟုတ် အဖွဲ့အစည်း၊ သို့မဟုတ် အဖွဲ့ဝင်အပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲကြောင်း ပေါ်လွင်ပါက အဆိုပြုလွှာတင်သွင်းသူကို ဥပဒေနှင့်အညီ အရေးယူနိုင်သည်။

၆၈။ ဤဥပဒေပါ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှါ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို ထုတ်ပြန်နိုင်သည်။